# ၁၉၅၈ ခုနှစ်၊ နိုင်ငံတော်ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၈ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၁။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၀ ခုနှစ်၊ နိုင်ငံတော်ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမတ က၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့်၊ ၁၉၅၅ ခုနှစ်၊ နိုင်ငံတော် ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ ၄ တွင်—

(က) ပုဒ်မခွဲ (၁) နောက်၌၊ အောက်ပါကို ပုဒ်မခွဲ (၂) အဖြစ်ထည့်သွင်းရမည်။

"(၂) နိုင်ငံတော် သမတ သည်၊ အဖွဲ့ဝင်ဦးရေကို အခါအားလျော်စွာ တိုးချဲ့နိုင်သည်။"

(ခ) ရှိရင်းပုဒ်မခွဲ (၂) ကို၊ ပုဒ်မခွဲ (၃) အဖြစ်ပြန်လည်အမှတ်စဉ်ရမည်။

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (၄) ကိုပယ်ဖျက်ရမည်။

အတိုး—၁၀ ပြား]

ပ၊မ၊ဗ၊စ၊—အမှတ် ၁၆၅၊ တရားရေးဝန်ကြီးဌာန၊ ၂၄-၅-၅၀—၂,၂၀၀—၂။